# ၁၉၉၀ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့
# Member of Parliament Union (1990)

**ကြေညာချက်အမှတ် ၅/၂၀၁၄**
**၂၀၁၄ခုနှစ် နိုဝင်ဘာလ (၂၁)ရက်**

**မြန်မာ့တပ်မတော်မှပစ်ခတ်မှုကြောင့် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) မှအရာရှိများ ထိခိုက်ကျဆုံးရခြင်းအပေါ် သဘာထားထုတ်ပြန်ချက်**

၂၀၁၄ခုနှစ် နိုဝင်ဘာလ(၁၉)ရက်နေ့က မြန်မာ့တပ်မတော်မှ လက်နက်ကြီးများဖြင့်ပစ်ခတ်မှုကြောင့် ကချင် လွတ်မြောက်ရေးတပ်မတော် (KIA) ဗိုလ်သင်တန်းကျောင်းအားထိမှန်ကာ ဗိုလ်လောင်း၂၃ဦး ကွယ်လွန်ခဲ့ပြီး ၂၀ကျော်ထိခိုက်ဒဏ်ရာရရှိကြောင်းသိရှိရပါသည်။

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်လက်မှတ်ရေးထိုးရန် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ဤကဲ့သို့သောပစ်ခတ်တိုက်ခိုက်မှုသည် ပြည်တွင်းငြိမ်းချမ်းရေးအကောင်အထည်ဖော်မှု လုပ်ငန်းစဉ်အား ကြီးစွာ ထိခိုက်စေပြီး တိုင်းရင်းသားများ၏ ယုံကြည်မှုကို ပျက်ပြားစေနိုင်ပါသည်။

နှစ်ပေါင်း(၆၀)ကျော်တိုင်အောင် တိုင်းရင်းသားတို့ပြည်နယ်များတွင် တပ်မတော်မှလက်နက်ဖြင့်ဖြေရှင်း ခဲ့ကြသည့် စစ်ပွဲများသည် ယနေ့အချိန်အထိ မဆုံးနိုင်သလို တစုံတရာအဖြေမထွက်ခဲ့ပါ။ နိုင်ငံအတွက် ကြီးမားသော ဆုံးရှုံးမှုများကိုသာ ခံစားတွေ့ကြုံခဲ့ရပေသည်။

ငြိမ်းချမ်းရေးကိုအမှန်တကယ်တည်ဆောက်လိုပါလျှင် တိုင်းရင်းသားအားလုံး လိုလားနေသော အမျိုးသား ရေးတန်းတူမှုနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသော ဖက်ဒရယ် ပြည်ထောင်စုကို တည်ဆောက်ရမည်ဖြစ်သည်။ လက်နက်ဖြင့် ဖြေရှင်းနေသမျှ ကာလပတ်လုံး ငြိမ်းချမ်းရေး(ထာဝရငြိမ်းချမ်းရေး) တည်ဆောက်၍ ရမည် မဟုတ်ပါ။

စစ်တပ်၏ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကချင်လွတ်မြောက်ရေးတပ်မတော် ဗိုလ်သင်တန်းကျောင်းမှ အရာရှိ အများအပြား ထိခိုက်သေဆုံးရခြင်းအပေါ် ကျွန်ုပ်တို့မှ အလွန်ဝမ်းနည်းကြေကွဲရပါသည်။

ကျွန်ုပ်တို့ ၁၉၉၀ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မြန်မာ့တပ်မတော်မှ တိုက်ခိုက် နေသော စစ်ပွဲများအား ချက်ခြင်းရပ်ဆိုင်းပြီး စစ်မှန်သောငြိမ်းချမ်းရေးဆွေးနွေးပွဲများအား အမြန်ဆုံး ပြုလုပ် ပါရန် မြန်မာအစိုးရနှင့် တပ်မတော်အား အလေးအနက်ထားတောင်းဆိုလိုက်သည်

၁၉၉၀ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့